# ACC Against COVID-19




## အစီအစဉ် (၁၀၈ )

## “ကျွန်တော်နဲ့ စရိတ်မျှပေးကျန်းမာရေး (အပိုင်း-၂)”

ACC Against COVID-19

Prof. Dr. Aung Tun Thet

1.1.2021





နိုင်ငံတော်က ချမှတ်မဲ့ ကာကွယ်ဆေးထိုးမဲ့  အစီအစဉ်ကို
စဉ်းစားရင်း လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ကျွန်တော်
ကြုံတွေ့ရတဲ့ အခြေအနေကို အမှတ်ရမိခဲ့ပါတယ်။
ကျွန်တော်က စီးပွားရေးတက္ကသိုလ်မှာ
တာဝန်ယူစဉ်ကာလ ၁၉၈၈ အရေးအခင်းအပြီး ဂျာမနီ
နိုင်ငံမှာ ပါရဂူဘွဲ့လွန်သုတေသန သုံးနှစ် ဆောင်ရွက်ပြီး
ပြန်လာခဲ့တော့ ကျောင်းတွေပိတ်ထားတာနဲ့
ကြုံခဲ့ရတယ်။ ဒါပေမယ့် မထင်မှတ်ဘဲ
ကျန်းမာရေးဝန်ကြီးဌာနမှာ အလုပ်လုပ်ဖို့
အခွင့်အရေးရခဲ့တယ်။ နဝတအစိုးရအဖွဲ့ဝင် ဆရာကြီး
ဒေါက်တာဦးဖေသိန်းက ကျန်းမာရေးနဲ့
ပညာရေးဝန်ကြီးဌာနနှစ်ခုကို ဦးစီးခဲ့တယ်။

ဆရာကြီးနဲ့ကျွန်တော်က သုတေသနလုပ်ငန်းတွေ
ဆောင်ရွက်ရင်း ရင်းနှီးခဲ့တာ။ ကျွန်တော်က
ပါရဂူဘွဲ့သုတေသနကို ကျန်းမာရေးစနစ်နဲ့
ပတ်သက်ပြီးလုပ်ခဲ့တာကို ဆရာကြီးကသိတဲ့
အတွက် ကျန်းမာရေးဝန်ကြီးဌာနမှာ ဌာနအသစ်
တစ်ခု ဖွင့်လှစ်ပြီး ကျွန်တော့်ကို
ညွှန်ကြားရေးမှူးချုပ် တာဝန်ပေးအပ်ခဲ့ပါတယ်။
ကျန်းမာရေးဝန်ကြီးဌာနမှာ စုစုပေါင်း ဦးစီးဌာနငါးခု
ရှိခဲ့ပြီး ကျွန်တော် ဦးစီးတဲ့ စီမံကိန်းနဲ့ စာရင်းအင်း
ဦးစီးဌာနက နံပါတ် ၆ ဖြစ်လာခဲ့တယ်။
ဦးစီးဌာနအသစ် ဖွင့်လှစ်ပြီး ရုံးထိုင်တဲ့အခါ
ဝန်ကြီးရုံးမှာ ထိုင်ခဲ့ပါတယ်။





ကျွန်တော့်လို ဆရာဝန်မဟုတ်တဲ့သူကို ကျန်းမာရေးဝန်ကြီးဌာနမှာ တာဝန်ပေးခဲ့တာကို တစ်ချို့က နားမလည်နိုင်ခဲ့ဘူး။ ဘဝင်မကျ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ကျွန်တော်က ညွှန်ချုပ်တာဝန်မယူခင် ကျန်းမာရေးလောကနဲ့ မစိမ်းခဲ့ဘူး။ သုတေသနတွေ လုပ်ခဲ့တယ်၊ စာတမ်းတွေ ဖတ်ခဲ့တယ်၊ တင်သွင်းခဲ့တယ်။ ကျွန်တော် အထူးပြုတဲ့ စီမံခန့်ခွဲမှုပညာဟာ နယ်ပယ်စုံမှာ အကျုံးဝင်ပါတယ်။ စီးပွားရေး နယ်ပယ်မှာ အသုံးချတဲ့အတွေးအခေါ် အယူအဆတွေဟာ ကျန်းမာရေးနယ်ပယ်မှာ အကျုံးဝင်ပါတယ်။ ဆေးရုံတစ်ရုံနဲ့ စက်ရုံတစ်ရုံဟာ အနှစ်သာရအားဖြင့် အတူတူဖြစ်ပါတယ်။ စက်ရုံမှာ ကုန်ကြမ်းတွေကို အသုံးချပြီး ကုန်ချောတွေ ထုတ်လုပ်ပေးပါတယ်။






ဆေးရုံမှာ ကုန်ကြမ်းတွေက လူနာတွေဖြစ်ပြီး ဆရာဝန်တွေ၊ သူနာပြုဆရာမတွေရဲ့ ကုသပြုစုဆောင်ရွက်မှုတွေကြောင့် ကုန်ချောအဖြစ် ရောဂါပျောက်ကင်းသွားသူတွေအဖြစ် ကုသပြုစုပေးခြင်း ဖြစ်ပါတယ်။ ဆေးရုံတစ်ရုံကို ဟိုတယ်အဖြစ် သုံးသပ်လို့ ရပါတယ်။ ဟိုတယ်မှာ ဧည့်သည်တွေရှိပြီး ဆေးရုံမှာတော့ လူနာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်သိတဲ့၊ နားလည်တဲ့ပညာနဲ့ ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထူးခြားတဲ့ အစီအစဉ်တစ်ရပ်က "စရိတ်မျှပေး ကျန်းမာရေး" အစီအစဉ် ဖြစ်ပါတယ်။ ဒီအစီအစဉ်ရဲ့ ဇစ်မြစ်က ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့မှ အာဖရိက မာလီနိုင်ငံ မြို့တော် ဘာမာကိုမှာ စတင်ခဲ့တဲ့ အစီအစဉ် ဖြစ်ပါတယ်။




အခြေခံစဉ်းစားချက်က လူနာများလိုအပ်တဲ့ ဆေးဝါးများနဲ့ ပတ်သက်ပြီး တတ်နိုင်တဲ့လူတွေအနေနဲ့ မတတ်နိုင်အဆင်မပြေသူတွေအတွက် ဆေးဝါးခများကို မျှဝေမှုပဲ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ လက်လှမ်းမီတဲ့ ဆေးရုံများမှာ ဆေးဝါးရန်ပုံငွေပဒေသာပင် တည်ဆောက်ပြီး လိုအပ်တဲ့ဆေးဝါးများကို ဖြန့်ဖြူးစေခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီအစဉ်ကို ဝန်ကြီးကို တင်ပြခဲ့ပြီး သူ့ရဲ့ခွင့်ပြုချက် ရခဲ့ပါတယ်။ အမျိုးသားကျန်းမာရေး ကော်မတီကလည်း သဘောတူခဲ့ပါတယ်။



# စရိတ်မျှပေး ကျန်းမာရေး

"စရိတ်မျှပေး ကျန်းမာရေး"အစီအစဉ်ကို ကျေးလက်မြို့နယ်ဆေးရုံတွေမှာ အကောင်အထည်ဖော်ခဲ့ပါတယ်။ မြန်မာလူမျိုးတွေရဲ့ ရက်ရောမှု၊ သဒ္ဓါကြည်ဖြူမှု စိတ်ထားတွေကို အခြေခံတဲ့ အစီအစဉ် ဖြစ်တာမို့ အောင်မြင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအနှံ့အပြား ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အမှန်တော့ ဒီအစီအစဉ်ဟာ Private-Public-People-Partnership(PPPP) ဖြစ်ပါတယ်။ အစိုးရ၊ ပုဂ္ဂလိက၊ ပြည်သူ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါတယ်။









ကျွန်တော့်အနေနဲ့ ဒီအစီအစဉ်ကို သုံးနှစ်တိုင်တိုင် ဦးဆောင်နိုင်ခဲ့ပါတယ်။ နောက်ပိုင်းကာလတွေနဲ့ ပတ်သက်ပြီး တာဝန်ယူတဲ့သူများရဲ့ စိတ်ဝင်စားမှုအပေါ် မူတည်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေးအစီအမံကို "စရိတ်မျှပေး ကျန်းမာရေး" အစီအစဉ်နဲ့ စဉ်းစားစေချင်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်ကို တစ်ဖက်တစ်လမ်းမှ ပြည်သူတွေ၊ လုပ်ငန်းရှင်တွေ ထိထိရောက်ရောက် ပါဝင်ခွင့်ပေးခြင်း ဖြစ်ပါတယ်။ တတ်နိုင်သူများအနေနဲ့ ကိုယ်တာဝန်ယူနိုင်တဲ့ အရေအတွက် အတွက်ပံ့ပိုးပေးဖို့ ဖြစ်ပါတယ်။



Sunday Talk ကို ဦးကိုကို(စက်မှုတက္ကသိုလ်)၊
ပါမောက္ခဒေါက်တာ ဇော်လင်းအောင်နဲ့
ကျွန်တော်တို့ သုံးဦး ဆောင်ရွက်ခဲ့ပါတယ်။
အချိန်အကန့်အသတ်ရှိတာမို့ ဆရာဦးကိုကို
မေးမြန်းတဲ့ မေးခွန်းတွေကို ဖြေဆိုခဲ့ရတယ်။
ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က
လက်ရှိတာဝန် ယူထားတဲ့လုပ်ငန်းများကို
အခြေခံပြီး ဆွေးနွေးပေးခဲ့တယ်။ နိုင်ငံတော်ရဲ့
အစီအစဉ်တွေကို ပြည့်ပြည့်စုံစုံ
တင်ပြပေးခဲ့တယ်။









ကာကွယ်ဆေးဟာ လူတိုင်းရဲ့ အိပ်မက်တွေ ဖြစ်ပါတယ်။ အားလုံးက စောင့်ဆိုင်းနေကြတယ်။ မျှော်လင့်ချက်မျိုးစုံနဲ့ ဆန္ဒတွေကို လက်တွေ့နဲ့ ထင်ဟပ်ပြီး သုံးသပ်သွားရမှာသာ ဖြစ်ပါတယ်။ ၂၀၂၁ ဧပြီလ နောက်ပိုင်းမှာ ကာကွယ်ဆေးကို စတင်ထိုးနိုင်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာ အတွက် အချိန်ယူရမှာသာ ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီးချိန်မှာလည်း အားလုံးဟာ သတိနဲ့ ဆင်ခြင်ပြီး နေထိုင်သွားကြဖို့ အရေးကြီးလှပါတယ်။ အသိနဲ့သတိကို အခြေခံပြီး လှုပ်ရှားသွားကြရမှာသာ ဖြစ်ပါတယ်။ ။



- Reference
- Photo Credit for Original Uploader